**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

https://nugmyanmar.org

# ကြေညာချက်အမှတ် (၁၀/၂၀၂၁)

၂၀၂၁ ခုနှစ် စက်တင်ဘာလ (၂၅)ရက်

**နိုင်ငံသူနိုင်ငံသားများပိုင်ဆိုင်သည့် နေအိမ်၊ အဆောက်အဦ၊ ဥပစာနှင့်ပစ္စည်းများ၊ နိုင်ငံပိုင်မြေနှင့်အဆောက်အဦ နှင့်မြေကွက်များအား အာဏာသိမ်းစစ်ကောင်စီမှ တရားမဲ့ပြုမူဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ၂၀၂၁ ခုနှစ် မတ်လ (၁) ရက်စွဲပါကြေညာချက်အမှတ် (၁၀/၂၀၂၁) ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟု မိမိကိုယ်ကိုမိမိအမည်ပေးထားသော အာဏာသိမ်း စစ်ကောင်စီအား အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။

၂။ ထို့ကြောင့် အာဏာသိမ်းစစ်ကောင်စီမှ ၂၀၂၁ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့တွင် ထပ်မံအသွင်ပြောင်းဖွဲ့စည်း သည့်အိမ်စောင့်အစိုးရအဖွဲ့နှင့် လက်အောက်ခံအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်အပါအဝင် ယင်းကောင်စီ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆောင်ရွက်ချက်များသည် လုံးဝ (လုံးဝ) တရားမဝင်ပါ။

၃။ အာဏာသိမ်းစစ်ကောင်စီနှင့် ယင်း၏လက်အောက်ခံအဖွဲ့အစည်းများ၏ တရားမဲ့ပြုကျင့်ဆောင်ရွက်ချက် များကြောင့် နိုင်ငံသူနိုင်ငံသားများပိုင်ဆိုင်သည့် နေအိမ်၊ အဆောက်အဦ၊ ဥပစာနှင့် ပစ္စည်းများအပါအဝင် ပိုင်ဆိုင်မှုနှင့် အကျိုးစီးပွားများပျက်စီးဆုံးရှုံးနစ်နာမှုများအပေါ် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ပြည်သူ့ အစိုးရအာဏာ အပြည့်အဝကျင့်သုံးနိုင်ခွင့်ရရှိသည့်အခါ တရားမဲ့ပျက်စီးဆုံးရှုံးနစ်နာခဲ့ရမှုများအတွက် ဥပဒေ နှင့်အညီ တရားမျှတမှု ပြန်လည်ရရှိနိုင်ရေး အစွမ်းကုန် အာမခံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၄။ ထို့အပြင် နိုင်ငံပိုင်မြေနှင့်အဆောက်အဦနှင့်မြေကွက်များကို အကြမ်းဖက်စစ်ကောင်စီမှ တနည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများသည် တရားဝင်မှုလုံးဝ မရှိသောကြောင့် ပြည်သူ့အစိုးရအာဏာအပြည့်အဝ ကျင့်သုံးနိုင်ခွင့်ရရှိချိန်တွင် ချွင်းချက်မရှိ ပြန်လည် သိမ်းယူသွားမည်ဖြစ်ပြီး ဝယ်ယူငှားရမ်းပူးပေါင်းဆောင်ရွက်သူများအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ အပါအဝင် တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

၅။ နိုင်ငံသူနိုင်ငံသားများအနေဖြင့် အာဏာသိမ်းစစ်ကောင်စီနှင့်ယင်း၏လက်အောက်ခံအဖွဲ့အစည်း အဆင့် ဆင့်၏ တရားမဲ့ပြုမူဆောင်ရွက်ချက်များကို အထောက်အထားများဖြင့်စနစ်တကျမှတ်တမ်းတင်ထားခြင်း၊ အမျိုးသား ညီညွတ်ရေးအစိုးရလက်အောက်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တရားဝင်ဖွင့်လှစ်ထားရှိသည့် တိုင်တန်းရမည့် နေရာများသို့ သတင်းပေးပို့တိုင်တန်းခြင်းများကို ဆောင်ရွက်ကြပါရန်လည်း အလေးအနက် တိုက်တွန်းပန်ကြားအပ်ပါသည်။

.......................................................